ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၅၀ ကျပ် K 50

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၅၀ ကျပ် K 50

## မ ကွေး ခ ရိုင် တ ရား ရုံး

**၂၀၁၇ ခုနှစ် တရားမအယူခံမှုအမှတ် - ၇၃**

**( ရေနံချောင်းမြို့နယ်တရားရုံး၊ ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၇ တွင် ချမှတ်သော ၂၂.၈.၂၀၁၇ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအပေါ် တင်သွင်းသော အယူခံမှု )**

| | | |
|---|---|---|
| **ဦးအောင်နိုင်ဝင်း** | **နှင့်** | **ဦးစန်းပွင့်** |
| **( အယူခံတရားလို )** | | **( အယူခံတရားပြိုင် )** |

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးတင့်ရွှေ၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | - | ဒေါ်မိမိခင်၊ တရားလွှတ်တော်ရှေ့နေ |

(စပြစ်ဝင်၃)
ခုတိယဦးစီးမှူး
မကွေးခရိုင်တရားရုံး

ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ လ ( ၂၄ ) ရက်

### စီရင်ချက်

ရေနံချောင်းမြို့နယ်တရားရုံး၊ ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၇တွင် တရားလို ဦးစန်းပွင့်က တရားပြိုင် ဦးအောင်နိုင်ဝင်းအပေါ် တရားပြိုင်ထံမှ ရရန်ရှိသော မြေဆီလွှာဓာတ်ဖိုးကျန်ငွေ (၁၀၀၀၀၀၀၀ိ/-) (ကျပ်သိန်းတစ်ရာ) ရလိုမှု စွဲဆိုရာ တရားပြိုင် ဦးအောင်နိုင်ဝင်းသည် တရားလို ဦးစန်းပွင့်အား မြေဆီဘိုးငွေ ကျပ် (၁၀၀၀၀၀၀၀ိ/-) (ကျပ်သိန်းတစ်ရာ)တိတိကို ပြန်လည်ပေးဆပ်စေရန် စရိတ်နှင့်တကွ ဒီကရီချမှတ်ခဲ့သည်။ အဆိုပါ စီရင်ချက်နှင့်ဒီကရီကို မူလရုံးတရားပြိုင် ဦးအောင်နိုင်ဝင်းက ကျေနပ်မှုမရှိ၍ ဤတရားမအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

မူလရုံး တရားလို၏ အဆိုလွှာတွင် တရားလိုမှာ အာရှမြေသြဇာဖြန့်ချိရေးလုပ်ငန်း၏ အရောင်းကိုယ်စားလှယ်ဖြစ်ပြီး၊ တရားပြိုင်မှာ ရေနံချောင်းမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူးဖြစ်ကြောင်း၊ ပါတီ၏ ရှမ်းပုံငွေရရှိရေးဟုဆိုလျက် တောင်တွင်းကြီး၊ မြို့သစ်၊ မင်းလှ၊ စလင်းမြို့နယ် ပြည်နိုင်ဖြိုးပါတီများသို့ ဖြန့်ချိရန် မြေဆီလွှာဓာတ်များကို အကြွေးစနစ်ဖြင့် ရောင်းချပေးပါရန် (၃.၄.၂၀၁၉)နေ့၌ ကမ်းလှမ်းပြောဆိုမှုကြောင့် တရားလိုမှသဘောတူညီပြီး ရောင်းချ

4

ခဲ့ကြောင်း၊ တရားပြိုင်မှ တောင်တွင်းကြီးမြို့ ပြည်ခိုင်ဖြိုးပါတီအတွက် (၃၁.၅.၂၀၀၉)နေ့တွင် အိတ်ရေ(၄၀၀)၊ (၁၂.၇.၂၀၀၉)နေ့တွင်အိတ်ရေ(၄၀၀)၊ မြို့သစ်မြို့သို့ (၂၅.၆.၂၀၀၉)နေ့တွင် အိတ်ရေ(၄၀၀)၊ မင်းလှမြို့သို့ (၃၀.၆.၂၀၀၉)နေ့တွင် အိတ်ရေ(၄၀၀)၊ စလင်းမြို့သို့ (၃.၇.၂၀၀၉)နေ့တွင် အိတ်ရေ(၄၀၀)၊ စုစုပေါင်းအိတ်ရေ (၂၀၀၀)ကို ကာလပေါက်ဈေး တစ်အိတ်လျှင် (အရောက်ပို့) (၉၀၇၀ိ/-)နှုန်းဖြင့် အကြွေးဝယ်ယူခဲ့ကြောင်း၊ စုစုပေါင်းကာလတန်ဘိုး ကျပ်သိန်း(၁၈၀)ဖြစ်ကြောင်း၊ အရောက်ပို့စနစ်ဖြင့် ပို့ဆောင်နိုင်ရန် ခရီးစရိတ်နှင့် လုပ်အားခ၊ ကားခအတွက် တရားလိုအား တရားပြိုင်မှ ငွေ(၂၂)သိန်း ကျပ်ကို ၇% အတိုးနှုန်းဖြင့် ထုတ်ချေးခဲ့ပြီး၊ အဆိုပါ တိုးရင်းငွေများကို တရားပြိုင်မှ မြေသြဇာအိတ်များ အတွက် စတင်ပေးချေသည့်ငွေထဲမှ ခုနှိမ်သွားမည်ဟု နှစ်ဖက်သဘောတူညီခဲ့ကြောင်း၊ တရားပြိုင်မှ မြေသြဇာအိတ်များကို အကြွေးဝယ်ယူသွားပြီး ပေးဆပ်ခြင်းမရှိသည့်အတွက် တရားလိုမှ အကြိမ်ကြိမ် တောင်းခံသည့်အခါမှ (၆.၄.၂၀၁၀)နေ့တွင် တရားလိုထံ ရှင်းတမ်းနှင့်တကွ ပေးပို့ခဲ့ကြောင်း၊ အဆိုပါ ပေးပို့ငွေထဲမှ တရားလိုက တရားပြိုင်ထံ ပို့ပေးရမည့်ငွေ(၂၂)သိန်းနှင့် အတိုးငွေ(၈၃၉၉၆၆)ကျပ်တို့ကို ခုနှိမ်ပြီး စာရင်းရှင်းပေးခဲ့ခြင်းကြောင့် တရားလိုမှ မြေဆီသြဇာဘိုး အဝင်အဖြစ်ငွေ (၁၉၈၄၀၃၄)သာ လျှင် ရရှိခဲ့ကြောင်း၊ တရားပြိုင်မှ မြေသြဇာဘိုးငွေများကို အချိန်ကြာမြင့်စွာ ပေးဆပ်ခြင်းမရှိသော်လည်း တရားလိုမှာ အရောင်းကိုယ်စားလှယ်တစ်ဦးဖြစ်၍ အာရှမြေသြဇာလုပ်ငန်းသို့ ပေးရန်ရှိပစ္စည်းဘိုး ငွေများကို မပေးဘဲနေ၍မရခြင်းကြောင့် စိုက်၍ပေးဆပ်ခဲ့ရသဖြင့် တရားလိုမိသားစု၏စားဝတ်နေရေးပါ အတိဒုက္ခရောက်ခဲ့ရကြောင်း၊ သို့အတွက် တရားလိုမှ နိုင်ငံတော်အကြီးအကဲများနှင့် တရားပြိုင်၏ပါတီ အကြီးအကဲများထံ တိုင်ကြားခဲ့ရာ၊ တရားပြိုင်မှ (၁၇.၂.၂၀၁၂)နေ့တွင် (၁၅၆၀၀၀ိ/-)ကိုလည်းကောင်း၊ (၂၄.၆.၂၀၁၂)နေ့တွင် (၂၀၀၀၀၀ိ/-)ကိုလည်းကောင်း ပေးသွင်းခဲ့သဖြင့် တရားပြိုင်ထံမှ ရရန်ကျန်ငွေမှာ (၁၂၁၆၀၀၀ိ/-)ကျန်ရှိကြောင်း၊ ငွေကျပ်သိန်း(၁၀၀)သာ ရယူလိုပြီး ကျန်ငွေ(၁၂၁၆၀၀၀ိ/-)ကို စွန့်လွှတ်ပါသည်ဟု အဆိုပြုထားသည်။

(ခင်မြတ်သူ)
ဒုတိယဦးစီးမှူး
မကွေးခရိုင်တရားရုံး

၄ မူလရုံးတရားပြိုင်၏ချေလွှာတွင် တရားပြိုင်သည် ရေနံချောင်းမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူးဖြစ်ပြီး၊ အတွင်းရေးမှူးတာဝန်ထမ်းဆောင်စဉ် ၂၀၀၉ခုနှစ်က တရားပြိုင်ထံ တရားလိုဦးစန်းပွင့်ရောက်ရှိလာပြီး ၎င်းအရောင်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသော အာရှမြေသြဇာများအား အခြားမြို့နယ်များရှိ ပြည်ခိုင်ဖြိုးပါတီများမှတဆင့် ဝယ်ယူအသုံးပြုစေရန်အတွက် အကူအညီတောင်းခံခဲ့ကြောင်း၊ တရားလိုမှ အတန်တန်အကူအညီတောင်းသဖြင့် တရားပြိုင်မှ တောင်တွင်းကြီး၊ မင်းလှ၊ မြို့သစ်၊ စလင်းရှိ ပြည်ခိုင်ဖြိုးပါတီများနှင့် တိုက်ရိုက်ဆက်သွယ်ပေးခဲ့ကြောင်း၊ တရားလိုမှ အဆိုပါမြို့နယ်ပါတီများသို့ ၎င်း၏အစီအစဉ်ဖြင့် ပေးပို့ရောင်းချသည်ဟု သိရကြောင်း၊ အခြားပါတီများမှ တရားလိုထံပေးပို့သော အာရှမြေသြဇာရောင်းချရငွေများကို မိမိထံသို့တဆင့် လွှဲပြောင်းပေးပို့သဖြင့် တရားလိုထံသို့ ပေးချေခဲ့ပါကြောင်း၊ တရားလိုမှရောင်းချရန်ပေးပို့ထားသော

မြေသြဇာအိတ်များအနက် အချို့အိတ်များမှာ အချိန်ကြာမြင့်လာသည်နှင့်အမျှ ပေါက်ပြဲ၍ပျက်စီးမှုရှိကြောင်း၊ ရောင်းချပေးရန်လက်ခံဆောင်ရွက်ပေးသော ပါတီအကြီးအကဲများက အကြောင်းကြားလာသဖြင့် တရားပြိုင်မှ တရားလိုသို့ ဆက်လက်အကြောင်းကြားပေးခဲ့ကြောင်း၊ တရားလိုမှ စလင်းမြို့သို့ ပေးပို့ထားသော မြေသြဇာအိတ်(၄၀၀)ကိုသာ ပြန်လည်လက်ခံပြီး ခေတ္တခဏအပ်နှံခွင့်ပြုရန်ပြောကြားပြီး ယနေ့အထိ ပြန်လည်သယ်ယူမှုမရှိခဲ့ခြင်းဖြစ်ကြောင်း၊ တောင်တွင်းကြီး၊ မြို့သစ်၊ မင်းလှ ပြည်နိုင်ဖြိုး ပါတီအကြီးအကဲများ ပြောပြချက်အရ မြေသြဇာအိတ်များမှာ ရာသီဥတုဒဏ်၊ ကာလကြာမြင့်မှုများကြောင့် ပေါက်ပြဲပျက်စီးနေသဖြင့် ရောင်းချ၍မဖြစ်နိုင်သဖြင့် တရားလိုမှလာရောက်ကြည့်ရှုရန် အကြောင်းကြားသော်လည်း တရားလိုမှ လာရောက်ကြည့်ရှုခြင်းမရှိ၍ တရားလိုသာလျှင် တာဝန်ရှိသည်ဟု အသိပေးခဲ့ပြီးဖြစ်ကြောင်း၊ ကာလစည်းကမ်းသတ်ဥပဒေ၊ ပထမဇယား၊ အမှတ်စဉ်-၅၂တွင် ကုန်စည်များကို ပေးအပ်သည့်နေ့ရက် မှစ၍ (၃)နှစ်အတွင်း တရားစွဲဆိုရမည်ဟု ပြဋ္ဌာန်းထားသည်ဖြစ်၍ တရားစွဲဆိုသည့်နေ့မှာ (၂၂.၆.၂၀၁၅)နေ့ဖြစ်သည့်အတွက် ကာလစည်းကမ်းသတ်(၃)နှစ်ကျော်လွန်နေပြီဖြစ်ကြောင်း ချေပထားသည်။

ရေနံချောင်းမြို့နယ်တရားရုံးက ငြင်းချက်(၄)ရပ်ထုတ်နှုတ်စစ်ဆေးပြီး ယခုစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ တရားပြိုင်သည် တရားလိုထံမှ မြေဆီသြဇာအိတ်အလုံးရေ(၂၀၀၀) (ကာလတန်ဖိုးကျပ်သိန်းပေါင်း ၁၈၀)အား အကြွေးစနစ်ဖြင့် ဝယ်ယူခဲ့သည်ဆိုခြင်းမှာ မှန်ကြောင်း၊ တရားပြိုင်သည် တရားလိုထံမှ တရားစွဲဆိုတောင်းခံသည့် ကြွေးကျန်ငွေသိန်း(၁၀၀)အားပေးဆပ်ရန် တာဝန်ရှိကြောင်း၊ တရားပြိုင်သည် တရားလိုအား မြေဆီဘိုးငွေကျပ်သိန်း(၁၀၀)တိတိအား စရိတ်နှင့်တကွ ပေးဆပ်စေရန် ဒီကရီချမှတ်ခဲ့ခြင်းဖြစ်သည်။

(ခင်မြတ်သူ)
ဒုတိယဦးစီးမှူး
မကွေးခရိုင်တရားရုံး

အယူခံတရားလို (မူလရုံးတရားပြိုင်)၏ရှေ့နေက တရားလိုသည် တရားပြိုင်သို့ မြေဆီအိတ်များရောင်းချရန်ပေးဆပ်ခဲ့ပြီး အဆိုပါမြေဆီဘိုးကြွေးကျန်ငွေများကို တရားပြိုင်က ပေးချေရမည့်ရက် သတ်မှတ်ထားကြောင်း အဆိုလွှာတွင် အဆိုပြုထားခြင်းမရှိကြောင်း၊ ကုန်ဖိုးငွေပေးချေရန် နေ့ရက်သတ်မှတ်ထားခြင်းမရှိသည့်အတွက် တရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ဥပဒေ၊ ပထမဇယားအမှတ်စဉ်-၅၂နှင့် သက်ဆိုင်ကြောင်း၊ ကာလစည်းကမ်းသတ်ဥပဒေ၊ ပထမ ဇယားအမှတ်စဉ်-၅၂ အရဆိုလျှင် ကုန်စည်များကို ပေးအပ်သည့်နေ့မှစ၍ (၃)နှစ်အတွင်းတရားစွဲဆိုရမည်ဟု ကန့်သတ်ထားပါကြောင်း၊ ထို့ကြောင့် ၂၀၀၉ခုနှစ်တွင် တရားလိုမှ တရားပြိုင်သို့ မြေဆီအိတ်များရောင်းချခဲ့သည်မှာ (၁၂.၇.၂၀၀၉)နေ့ နောက်ဆုံးဖြစ်ကြောင်းတွေ့ရှိရသဖြင့် (၁၂.၇.၂၀၀၉)မှ (၁၂.၇.၂၀၁၂)ထိ (၃)နှစ်ကာလအတွင်း တရားလိုက တရားစွဲဆိုရမည်ဖြစ်သော်လည်း (၂၂.၆.၂၀၁၅)နေ့မှ ဤအမှုကို စွဲဆိုခြင်းသည် ကာလစည်းကမ်းသတ်ကျော်လွန်နေပါကြောင်း၊ ထို့ကြောင့် ရေနံချောင်းမြို့နယ်တရားရုံး၏ စီရင်

ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မူလရုံးတရားလိုစွဲဆိုသောအမှုကို ပလပ်ပေးပါရန် စီရင်ထုံးများကိုးကား၍ လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် (မူလရုံးတရားလို)၏ရှေ့နေက မူလရုံးတရားပြိုင်သည် ပြည်ခိုင်ဖြိုးအသင်းရန်ပုံငွေအတွက် မူလရုံးတရားလိုထံမှ မြေဆီသြဇာအိတ်များကို တစ်အိတ်လျှင် (၉၀၀၀/-)နှုန်းအရောက်ပို့စနစ်ဖြင့် အကြွေးဝယ်ယူခဲ့ကြောင်း၊ မြေသြဇာဖိုးငွေများကို ပစ္စည်းများရောက်ရှိပြီး (၆)လပြည့်သည်နှင့် မပျက်မကွက်အကြေပေးသွင်းရမည်ဟု နှစ်ဖက်သဘောတူညီခဲ့သော်လည်း မပေးခဲ့ကြောင်း၊ (၁၉.၁၀.၂၀၀၉)မှ (၂၄.၆.၂၀၁၂)အထိ မြေဆီအိတ်ဖိုးငွေများ အလီလီပေးသွင်းခဲ့ရာ နောက်ဆုံးအကြိမ်ပေးသွင်းသည့်နေ့မှာ (၂၄.၆.၂၀၁၂)နေ့ဖြစ်၍ ကာလစည်းကမ်းသတ်ဥပဒေ၊ ပုဒ်မ-၂၀(၁)အရ နောက်ဆုံးပေးဆပ်သည့်နေ့ (၂၄.၆.၂၀၁၂)နေ့မှစ၍ ကာလစည်းကမ်းသတ်ကို စတင်ရေတွက်ရမည်ဖြစ်ကြောင်း၊ ဤအမှုကို စွဲဆိုသည့်နေ့မှာ (၂၂.၆.၂၀၁၅)ရက်နေ့ဖြစ်၍ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း၊ ထို့ကြောင့် အယူခံမှုကို ပလပ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

ရေနံချောင်းမြို့နယ်တရားရုံး၊ ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇ အမှုတွဲအား စိစစ်လေ့လာရာ မူလရုံးတရားလို စွဲဆိုသောအမှုသည် ကုန်ဖိုးကြွေးကျန်ရလိုမှု (မြေဆီသြဇာဖိုးကြွေးကျန်ရလိုမှု) စွဲဆိုခြင်းဖြစ်သည်။ မူလရုံးတရားလိုသည် အာရှမြေသြဇာဖြန့်ချီရေးလုပ်ငန်း၏ အရောင်းကိုယ်စားလှယ်ဖြစ်ပြီး မူလရုံးတရားပြိုင်သည် ရေနံချောင်းမြို့နယ်၊ ပြည်ခိုင်ဖြိုးပါတီရန်ပုံငွေရရှိရေးအတွက် ဟုဆိုကာ တောင်တွင်းကြီး၊ မြို့သစ်၊ မင်းလှ၊ စလင်းမြို့နယ် ပြည်ခိုင်ဖြိုးပါတီများသို့ ဖြန့်ချီရန် မြေဆီသြဇာအိတ်များကို အကြွေးစနစ်ဖြင့် တရားလိုထံမှ ဝယ်ယူခဲ့သည်။ ထိုသို့ဝယ်ယူသွားသည့် မြေသြဇာဖိုးငွေများကို မည်သည့်နေ့ရက်တွင်ပေးချေရမည်ဟု ပေးချေရမည့်ရက်သတ်မှတ်ထားကြောင်း အဆိုလွှာတွင် အဆိုပြုထားသည်ကို မတွေ့ရချေ။ သို့သော် ရုံးရှေ့ထွက်ဆိုရာတွင် မြေသြဇာဖိုးငွေများကို ပစ္စည်းများရောက်ရှိပြီး (၆)လပြည့်သည်နှင့် မပျက်မကွက်နောက်ဆုံးထား၍ အကြေပေးသွင်းမည်ဟု နှစ်ဖက်သဘောတူညီခဲ့ကြကြောင်း တရားလိုနှင့်တရားလိုပြသက်သေများက ထွက်ဆိုထားသည်ကို တွေ့ရှိရသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယား၊ အမှတ်စဉ်-၅၂တွင် ကုန်စည်များကို ရောင်းချပေးအပ်ပြီးဖြစ်ရာ ကုန်ဖိုးပေးချေရန်နေ့ရက်သတ်မှတ်ခြင်းမရှိသည့်အချက်တွင် ထိုကုန်ဖိုးငွေကို ရလိုမှုစွဲဆိုလျှင် ကုန်စည်များကိုပေးအပ်သည့်နေ့ရက်ကစ၍ (၃)နှစ်အတွင်း စွဲဆိုရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယား၊ အမှတ်စဉ်-၅၃တွင် ကုန်စည်များကို ရောင်းချပေးအပ်ပြီးဖြစ်ရာ ကုန်ဖိုးချေရန်သတ်မှတ်သည့်နေ့ရက် စေ့ကုန်သည့်နောက်မှ ပေးချေသင့်သော

(ခင်မြတ်သူ)
ဒုတိယဦးစီးမှူး
မကွေးခရိုင်တရားရုံး

(၅)

ကုန်ဖိုးငွေကိုရလိုမှုစွဲဆိုလျှင် ကုန်ဖိုးချေရန် သတ်မှတ်သည့်နေ့ရက် စေ့ကုန်သည့်အခါကစ၍ (၃)နှစ်အတွင်း စွဲဆိုရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ဤအမှုတွင် မူလရုံးတရားလို၏အဆိုလွှာအရ ကုန်ဖိုးပေးချေရန်နေ့ရက်သတ်မှတ်ထားကြောင်း အဆိုပြုဖော်ပြထားခြင်းမရှိသော်လည်း တရားလိုနှင့်တရားလိုပြသက်သေများ၏ "ပစ္စည်းများရောက်ရှိပြီး(၆)လပြည့်သည်နှင့် မြေသြဇာဖိုးငွေများကို မပျက်မကွက်အကြေပေးချေရမည်ဟု နှစ်ဖက်သဘောတူညီခဲ့ကြောင်း" ထွက်ဆိုချက်များအရ ကုန်ဖိုးပေးချေရန် နေ့ရက်သတ်မှတ်ခဲ့သည်ဟု မှတ်ယူနိုင်သည့်အတွက် မူလရုံးတရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယား၊ အမှတ်စဉ်-၅၃နှင့် သက်ဆိုင်ကြောင်း ကောက်ယူရပေမည်။

ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယား၊ အမှတ်စဉ်-၅၃အရဆိုလျှင် ကုန်ဖိုးပေးချေရန် သတ်မှတ်သည့်နေ့ရက်မှစ၍ (၃)နှစ်အတွင်း တရားစွဲဆိုရမည်ဖြစ်သည်။

ဤအမှုတွင် ကုန်ဖိုးပေးချေရန် သတ်မှတ်သည့်နေ့ရက်မှာ ကုန်ပစ္စည်းများရရှိပြီး (၆)လပြည့်သည့်နေ့ဟု သတ်မှတ်ချက်အရ အယူခံတရားလိုမှ ကုန်ပစ္စည်းများလက်ခံရရှိသည့် နေ့ကို စိစစ်ရမည်ဖြစ်သည်။ မူလရုံးအမှုတွဲပါ သက်သေခံချက်များအရ မူလရုံးတရားလိုသည် တောင်တွင်းကြီးမြို့ပြည်ခိုင်ဖြိုးပါတီအတွက် မြေဆီသြဇာအိတ်(၄၀၀)စီကို (၃၀.၅.၂၀၀၉)နေ့နှင့် (၁၂.၇.၂၀၀၉)နေ့တို့တွင်လည်းကောင်း၊ မြို့သစ်မြို့သို့ မြေဆီသြဇာအိတ်(၄၀၀)ကို (၂၅.၆.၂၀၀၉)နေ့တွင်လည်းကောင်း၊ မင်းလှမြို့သို့ မြေဆီသြဇာအိတ် (၄၀၀)ကို (၃၀.၆.၂၀၀၉)နေ့တွင်လည်းကောင်း၊ စလင်းမြို့သို့ မြေဆီသြဇာအိတ်(၈၀၀)ကို (၃.၇.၂၀၀၉)နေ့တွင် လည်းကောင်း ပေးပို့ခဲ့ကြောင်း နှစ်ဖက်အငြင်းမပွား ပေါ်ပေါက်နေပေသည်။

ထို့ကြောင့် ကုန်ပစ္စည်းများလက်ခံရရှိသည့်နေ့အသီးသီးအနက် နောက်ဆုံးလက်ခံရရှိသည့်နေ့ရက်သည် (၁၂.၇.၂၀၀၉)ရက်နေ့ဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကုန်ပစ္စည်းများလက်ခံရရှိပြီးနောက်(၆)လပြည့်သည့်နေ့ (ကုန်ဖိုးပေးချေရန်နေ့)မှာ (၁၂.၁.၂၀၁၀)ရက်နေ့ဖြစ်ပေသည်။ ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယား၊ အပိုဒ်-၅၃အရ စည်းကမ်းကာလကို စတင်ရေတွက်ရမည့်နေ့သည် (၁၂.၁.၂၀၁၀)ရက်နေ့ဖြစ်ပြီး မူလရုံးတရားလို စွဲဆိုသည့်နေ့မှာ (၂၂.၆.၂၀၁၅)ရက်နေ့ဖြစ်သဖြင့် စည်းကမ်းသတ်ကာလ(၃)နှစ် ကျော်လွန်ပြီးမှ တရားစွဲဆိုခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

(၆)

သို့ဖြစ်၍ ဤတရားမအယူခံမှုကို ခွင့်ပြုပြီး ရေနံချောင်းမြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။

ရှေ့နေခ(၅၀၀ဝိ/-)သတ်မှတ်သည်။

( မိမိစိန် )

ခရိုင်တရားသူကြီး

မကွေးခရိုင်တရားရုံး

(စင်မြတ်သူ)

ဒုတိယဦးစီးမှူး

မကွေးခရိုင်တရားရုံး

[Type text]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100

တရားမပုံစံအမှတ်၊ ၆၂

# ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ရုံး၏ မှတ်ပုံတင်အမှတ်

## ရေနံချောင်းမြို့နယ်တရားသူကြီးရုံးတော်၌

၂၀၁၅-ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၇

၂၀၁၇-ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်

| | | |
|---|---|---|
| ဦးစန်းပွင့် | နှင့် | ဦးအောင်နိုင်ဝင်း |
| တရားလို | | တရားပြိုင် |

တရားလိုအတွက်။ ဒေါ်မိမိခင်၊ တရားလွှတ်တော်ရှေ့နေ၊

တရားပြိုင်အတွက်။ ဦးတင့်ရွှေ၊ တရားလွှတ်တော်ရှေ့နေ၊

## " စီ ရင် ချက် "

အမှုမှာ ရေနံချောင်းမြို့၊ မြို့မမြောက်ရပ်ကွက်နေ တရားလိုဦးစန်းပွင့်မှ ရေနံချောင်းမြို့၊ ရွှေဘုံသာရပ်နေ တရားပြိုင်ဦးအောင်နိုင်ဝင်းအပေါ် မြေဆီဩဇာဘိုးကျန်ငွေကျပ်သိန်း(၁၀၀)ရလိုကြောင်းစွဲဆိုသောအမှုဖြစ်သည်။

တရားလို၏ဆိုလွှာတွင် တရားလိုမှာ အာရှမြေဩဇာဖြန့်ချိရေးလုပ်ငန်း၏ အရောင်းကိုယ်စားလှယ်ဖြစ်ပြီး၊ တရားပြိုင်မှာ ရေနံချောင်းမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူးဖြစ်ကြောင်း၊ပါတီ၏ရံပုံငွေရရှိရေးဟုဆိုလျှက် တောင်တွင်းကြီး၊ မြို့သစ်၊ မင်းလှ၊ စလင်းမြို့နယ်ပြည်ခိုင်ဖြိုးပါတီများသို့ ဖြန့်ချီရန် မြေဆီဩဇာအိတ်များကို အကြွေးစနစ်ဖြင့် ရောင်းချပေးပါရန် (၃. ၄. ၂၀၀၉)နေ့၌ ကမ်းလှမ်းပြောဆိုမှုကြောင့် တရားလိုမှသဘောတူညီပြီး ရောင်းချခဲ့ကြောင်း၊ တရားပြိုင်မှ တောင်တွင်းကြီးမြို့ပြည်ခိုင်ဖြိုးပါတီအတွက် (၃၁. ၅. ၂၀၀၉)နေ့တွင် အိတ်ရေ(၄၀၀)၊ (၁၂. ၇. ၂၀၀၉)နေ့တွင် အိတ်ရေ(၄၀၀)၊ မြို့သစ်မြို့သို့ (၂၅. ၆. ၂၀၀၉)နေ့တွင် အိတ်ရေ(၄၀၀)၊ မင်းလှမြို့သို့ (၁၀. ၆. ၂၀၀၉)နေ့တွင် အိတ်ရေ(၄၀၀)၊ စလင်းမြို့သို့ (၃. ၇. ၂၀၀၉) နေ့တွင်အိတ်ရေ(၄၀၀)၊ စုစုပေါင်းအိတ်ရေ(၂၀၀၀)ကို ကာလပေါက်ဈေး တစ်အိတ်လျှင်(အရောက်ပို့) ၉၀၀၀ဝိ/နှုန်းဖြင့် အကြွေးဝယ်ယူခဲ့ကြောင်း၊ စုစုပေါင်းကာလတန်ဘိုး ကျပ်သိန်း(၁၈၀)ဖြစ်ကြောင်း၊ အရောက်ပို့စနစ်ဖြင့် ပို့ဆောင်နိုင်ရန် ခရီးစရိတ်နှင့်လုပ်အားခ ၊ ကားခအတွက် တရားလိုအား တရားပြိုင်မှငွေ(၂၂)သိန်းကျပ်ကို၇%အတိုးနှုန်းဖြင့်ထုတ်ချေးခဲ့ပြီး၊အဆိုပါတိုးရင်းငွေများကို တရားပြိုင်မှ

စီရင်ချက် ( အဆက် - ၂ )

မြေသြဇာအိတ်များအတွက် စတင်ပေးချေသည့်ငွေထဲမှ ခုနှိမ်သွားမည်ဟု နှစ်ဖက်သဘောတူညီခဲ့ကြောင်း၊ တရားပြိုင်မှမြေသြဇာအိတ်များကို အကြွေးဝယ်ယူသွားပြီး ပေးဆပ်ခြင်းမရှိသည့်အတွက် တရားလိုမှ အကြိမ်ကြိမ်တောင်းခံသည့်အခါမှ (၆. ၄. ၂၀၁၀)နေ့တွင် တရားလိုထံရှင်းတမ်းနှင့်တကွ ပေးပို့ခဲ့ကြောင်း၊ အဆိုပါပေးပို့ငွေထဲမှ တရားလိုကတရားပြိုင်ထံ ပို့ပေးရမည့်ငွေ(၂၂)သိန်းနှင့် အတိုးငွေ(၈၃၉၉၆၆)ကျပ်တို့ကိုခုနှိမ်ပြီး စာရင်းရှင်းပေးခဲ့ခြင်းကြောင့် တရားလိုမှ မြေဆီသြဇာဘိုး အဝင်အဖြစ်ငွေ(၁၉၈၄၀၃၇)သာလျှင်ရရှိခဲ့ကြောင်း ၊ တရားပြိုင်မှ မြေသြဇာဘိုးငွေများကို အချိန်ကြာမြင့်စွာပေးဆပ် ခြင်းမရှိသော်လည်း တရားလိုမှာ အရောင်းကိုယ်စားလှယ်တစ်ဦးဖြစ်၍ အာရှမြေသြဇာလုပ်ငန်းသို့ပေးရန်ရှိပစ္စည်းဘိုးငွေများကို မပေးဘဲနေ၍မရခြင်းကြောင့် စိုက်၍ပေးဆပ်ခဲ့ရသဖြင့် တရားလိုမိသားစု၏စားဝတ်နေရေးပါ အတိဒုက္ခရောက်ခဲ့ရကြောင်း၊ သို့အတွက် တရားလိုမှနိုင်ငံတော်အကြီးအကဲများနှင့်တရားပြိုင်၏ပါတီအကြီးအကဲများထံ တိုင်ကြားခဲ့ရာ ၊ တရားပြိုင်မှ(၁၇. ၂. ၂၀၁၂)နေ့တွင်(၁၅၆၀၀၀၀)ကိုလည်းကောင်း ၊ (၂၄. ၆. ၂၀၁၂)နေ့တွင်(၂၀၀၀၀၀၀)ကိုလည်းကောင်း ပေးသွင်းခဲ့သဖြင့် တရားပြိုင်ထံမှရရန်ကျန်ငွေမှာ (၁၁၂၁၆၀၀၀၀)ကျန်ရှိကြောင်း၊ ငွေကျပ်သိန်း(၁၀၀) သာရယူလိုပြီး ကျန်ငွေ(၁၂၁၆၀၀၀၀)ကို စွန့်လွှတ်ပါသည်ဟု အဆိုပြုဖော်ပြထားသည်။

တရားပြိုင်၏ချေလွှာတွင် တရားပြိုင်သည် ရေနံချောင်းမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူးဖြစ်ပြီး၊ အတွင်းရေးမှူး တာဝန်ထမ်းဆောင်စဉ် ၂၀၀၉-ခုနှစ်က တရားပြိုင်ထံ တရားလိုဦးစန်းပွင့်ရောက်ရှိလာပြီး ၎င်းအရောင်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသော အာရှမြေသြဇာများအား အခြားမြို့နယ်များရှိ ပြည်ခိုင်ဖြိုးပါတီများမှတဆင့် ဝယ်ယူအသုံးပြုစေရန်အတွက်အကူအညီတောင်းခံခဲ့ကြောင်း၊ တရားလိုမှ အတန်တန်အကူအညီတောင်းသဖြင့် တရားပြိုင်မှ တောင်တွင်းကြီး၊ မင်းလှ၊ မြို့သစ်၊ စလင်းရှိပြည်ခိုင်ဖြိုးပါတီများနှင့် တိုက်ရိုက်ဆက်သွယ်ပေးခဲ့ကြောင်း၊ တရားလိုမှ အဆိုပါမြို့နယ်ပါတီများသို့ ၎င်း၏အစီအစဉ်ဖြင့် ပေးပို့ရောင်းချသည်ဟုသိရကြောင်း ၊ အခြားပါတီများမှ တရားလိုထံပေးပို့သော အာရှမြေသြဇာရောင်းချရငွေများကို မိမိထံသို့တဆင့် လွှဲပြောင်းပေးပို့သဖြင့် တရားလိုထံသို့ ပေးချေခဲ့ပါကြောင်း၊ တရားလိုမှရောင်းချရန် ပေးပို့ထားသော မြေသြဇာအိတ်များအနက် အချို့အိတ်များမှာ အချိန်ကြာမြင့်လာသည်နှင့်အမျှ ပေါက်ပြဲ၍ပျက်စီးမှုရှိ ကြောင်း၊ ရောင်းချပေးရန် လက်ခံဆောင်ရွက်ပေးသော ပါတီအကြီးအကဲများက အကြောင်းကြားလာ သဖြင့် တရားပြိုင်မှတရားလိုသို့ ဆက်လက်အကြောင်းကြားပေးခဲ့ကြောင်း၊ တရားလိုမှစလင်းမြို့သို့ ပေးပို့ထားသော မြေသြဇာအိတ်(၄၀၀)ကိုသာ ပြန်လည်လက်ခံပြီး၊ ခေတ္တခဏအပ်နှံခွင့်ပြုရန် ပြောကြားပြီး၊ ယနေ့ထိပြန်လည်သယ်ယူမှု မရှိခဲ့ခြင်းဖြစ်ကြောင်း၊ တောင်တွင်းကြီး၊ မြို့သစ်၊ မင်းလှ၊ ပြည်ခိုင်ဖြိုးပါတီအကြီးအကဲများ ပြောကြားချက်အရ မြေသြဇာအိတ်များမှာ ရာသီဥတုဒဏ်၊ ကာလကြာမြင့်မှုများကြောင့် ပေါက်ပြဲပျက်စီးနေသဖြင့် ရောင်းချ၍မဖြစ်နိုင်သဖြင့် တရားလိုမှလာ ရောက်ကြည့်ရှုရန် အကြောင်းကြားသော်လည်း တရားလိုမှလာရောက်ကြည့်ရှုခြင်းမရှိ၍ တရားလိုသာလျှင်တာဝန်ရှိသည်ဟု အသိပေးခဲ့ပြီးဖြစ်ကြောင်း၊ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအမှတ်စဉ်(၅၂)တွင် ကုန်စည်များကိုပေးအပ်သည့်နေ့ရက်

မြို့နယ်တရားသူကြီး
ရေနံချောင်းမြို့နယ်တရားရုံး

စီရင်ချက် ( အဆက် - ၃ )

မှစ၍ (၃)နှစ်အတွင်း တရားစွဲဆိုရမည်ဟု ပြဋ္ဌာန်းထားသည်ဖြစ်၍ တရားစွဲသည့်နေ့မှာ (၂၂. ၆. ၂၀၁၅)နေ့ဖြစ်သည့်အတွက် ကာလစည်းကမ်းသတ်(၃)နှစ်ကျော်လွန်နေပြီဖြစ်ကြောင်း ချေဆိုထားပေသည်။

အဆိုအချေတို့အရ ရုံးတော်မှ အောက်ပါငြင်းချက်များ ထုတ်ဆင့်ခဲ့သည်။

(၁) တရားပြိုင်သည် တရားလိုထံမှ မြေဆီသြဇာအိတ်လုံးရေ(၂၀၀၀)(ကာလတန်ဘိုးကျပ်သိန်း၊ ၁၈၀)အား အကြွေးစနစ်ဖြင့် ဝယ်ယူခဲ့သည်ဆိုခြင်းမှာ မှန်သလား၊

(၂) တရားပြိုင်သည် တရားလိုထံမှ တရားစွဲဆိုတောင်းခံသည့် ကြွေးကျန်ငွေကျပ်သိန်း၊၁၀၀ ပေးဆပ်ရန် တာဝန်ရှိသည်ဆိုခြင်းမှာ မှန်သလား၊

(၃) တရားလိုသည် မည်သည့်သက်သာခွင့် ရထိုက်သနည်း။

ငြင်းချက်များထုတ်ဆင့်ပြီးနောက် တရားပြိုင်၏ရှေ့နေမှ တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်း ၅(၁)အရ " ယခုစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဆိုခြင်းမှာ မှန်သလား " ဆိုသည့် ငြင်းချက်အားနောက်တိုးငြင်းချက်အဖြစ် ထုတ်ပေးရန်လျှောက်ထားရာ နှစ်ဖက်လျှောက်လဲချက်ကြားနာပြီး၊ အဆိုပါငြင်းချက်အား နောက်တိုးငြင်းချက်၊ ဥပဒေငြင်းချက်အဖြစ် သတ်မှတ်ထုတ်ဆင့်ခဲ့သည်။

အဆိုပါပဏာမငြင်းချက်နှင့်စပ်လျဉ်း၍ နှစ်ဖက်လျှောက်လဲချက်ကြားနာကာအကြောင်းချင်းရာများနှင့်ရောထွေးနေသဖြင့် အမှုအားစစ်ဆေးပြီး၊ ကျန်ငြင်းချက်များနှင့်တစ်ပေါင်းတည်း ဖြေဆိုမည် ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

အဆိုပါအမိန့်နှင့်စပ်လျဉ်း၍ တရားပြိုင်ဘက်မှမကျေနပ်သဖြင့် မကွေးခရိုင်တရားရုံးသို့ ပြင်ဆင်မှုတက်ရောက်ရာ မကွေးခရိုင်တရားရုံး၏ ၂၀၁၆-ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်၊ ၁၅ ဖြင့် ကြားနာ၍ တရားမကျင့်ထုံးဥပဒေအမိန့်-၇၊ နည်း-၁၁(ဃ)အရ ဆိုလွှာအားပယ်ကြောင်း အမိန့်ချမှတ်ခဲ့ပြီး၊ အဆိုပါခရိုင်ရုံး၏အမိန့်ကို တရားလိုဦးစန်းပွင့်မှ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ အယူခံဝင်ရောက်ရာ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်ရုံး၏ ၂၀၁၆-ခုနှစ်၊ တရားမအထွေထွေ အယူခံအမှတ်၊ ၁၃ ဖြင့် အယူခံမှုကိုခွင့်ပြုပြီး၊ မကွေးခရိုင်တရားရုံး၏ အမိန့်ကိုပယ်ဖျက်ကာ မြို့နယ်တရားရုံး၏အမိန့်ကို ပြန်လည်အတည်ပြုခဲ့သဖြင့် အမှုအားပြန်လည်ဖွင့်လှစ်ခဲ့ဆောင်ရွက်ခဲ့ခြင်းဖြစ်ပေသည်။အဆိုပါပဏာမငြင်းချက်အား ငြင်းချက်(၁)အဖြစ်ဦးစွာ ဖြေဆိုမည်ဖြစ်သည်။

## ငြင်းချက် (၁)

တရားလိုဦးစန်းပွင့်မှ ၄င်းမှာ ၂၀၀၉-ခုနှစ်မှစ၍ အာရှသဘာဝဓါတ်မြေသြဇာ၏ အရောင်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ တရားပြိုင်ဦးအောင်နိုင်ဝင်းက ပြည်ခိုင်ဖြိုးပါတီ ရံပုံငွေအတွက် မြေသြဇာအိတ်များအား အကြွေးဝယ်လိုကြောင်း ကမ်းလှမ်းလာသဖြင့် တစ်အိတ်လျှင် (၉၀၀၀ိ)နှုန်းအရောက်ပို့စနစ်ဖြင့် အကြွေးရောင်းချပေးခဲ့ကြောင်း၊ တရားပြိုင်၏ညွှန်ကြားချက်အရ (၁၁. ၅. ၂၀၀၉)နေ့က တောင်တွင်းကြီးမြို့ပြည်ခိုင်ဖြိုးပါတီထံ မြေသြဇာအိတ်ရေ(၄၀၀)ကို ဆ/၉၃၈၂ ကားနှင့်လည်းကောင်း၊ ၂၅. ၆. ၂၀၀၉ နေ့တွင် မြို့သစ်မြို့ပြည်ခိုင်ဖြိုးပါတီထံ မြေသြဇာအိတ်ရေ (၄၀၀)ကို ၈ခ/၉၀၈၂ ကားနှင့်လည်းကောင်း၊ (၁၀. ၆. ၂၀၀၉)နေ့တွင် မင်းလှမြို့ ပြည်ခိုင်ဖြိုးပါတီထံ

ပုံ/ x x x
( ဥက္ကာစိုး )
မြို့နယ်တရားသူကြီး၊
ရေနံချောင်းမြို့နယ်တရားရုံး၊

စီရင်ချက် ( အဆက် - ၄ )

မြေသြဇာအိတ်ရေ(၄၀၀)ကို ဆ/၇၅၂၁ ကားနှင့်လည်းကောင်း၊ (၃. ၇. ၂၀၀၉)နေ့တွင် စလင်းမြို့၊ ပြည်ခိုင်ဖြိုးပါတီထံ မြေသြဇာအိတ်ရေ(၄၀၀)ကို ၂က/၉၂၇၂ ကားနှင့်လည်းကောင်း၊ (၁၂. ၇. ၂၀၀၉) နေ့တွင် တောင်တွင်းကြီးမြို့၊ ပြည်ခိုင်ဖြိုးပါတီထံ မြေသြဇာအိတ်ရေ(၄၀၀)ကို ၇က/ယာယီ၃၆၁/၀၉ ကားနှင့်လည်းကောင်း တင်ပို့ပေးခဲ့ကြောင်း၊ အဆိုပါမြေသြဇာအိတ်များကို လက်ခံရရှိသည်ဟု ဦးအောင်နိုင်ဝင်းကိုယ်တိုင် ဖုန်းဆက်အကြောင်းကြားခဲ့ကြောင်း၊ အရောက်ပို့စနစ်ဖြင့် တစ်အိတ်(၉၀၀၀ိ)နှုန်းဖြစ်ကာ တရားလိုတွင် ခရီးစရိတ်အခက်အခဲရှိကြောင်းပြောရာ တရားပြိုင်က ကား၊ အလုပ်သမား၊ ခရီးစရိတ်များအတွက် (၁၀ိ)လျှင်(၇ိ)အတိုးနှုန်းဖြင့် ငွေ(၂၂)သိန်းကျပ်အား ထုတ်ချေးခဲ့ပြီး၊ ယင်းငွေများကို မြေသြဇာဖိုးများပေးချေငွေထဲမှ ခုနှိမ်မည်ဖြစ်ကြောင်း၊ မြေသြဇာဘိုးများကို ပစ္စည်းများရောက်ရှိပြီး (၆)လပြည့်သည်နှင့် မပျက်မကွက်နောက်ဆုံးထား၍ အကြေပေးသွင်းမည်ဟု နှစ်ဖက်သဘောတူညီခဲ့ကြခြင်းဖြစ်ကြောင်း၊တရားပြိုင်ကမြေသြဇာဘိုးငွေများကို (၁၉. ၁၀. ၂၀၀၉) နေ့တွင် (၈၀၀၀၀၀ိ)၊ (၁၉. ၁. ၂၀၁၀)နေ့တွင် (၉၀၀၀၀၀ိ)၊ (၁၆. ၂. ၂၀၁၀)နေ့တွင် (၅၈၅၀၀၀ိ)၊ (၂၃. ၃. ၂၀၁၀)နေ့တွင် (၁၁၀၀၀၀၀ိ)၊ (၄. ၄. ၂၀၁၀)နေ့တွင် (၃၀၀၀၀၀ိ)၊ (၉. ၅. ၂၀၁၀)နေ့တွင် (၂၉၉၀၀၀ိ)၊ (၁. ၆. ၂၀၁၀)နေ့တွင် (၆၅၀၀၀၀ိ)၊(၁. ၆. ၂၀၁၀)နေ့တွင် (၉၀၀၀၀ိ)၊ (၁၀. ၂. ၂၀၁၁) နေ့တွင် (၃၀၀၀၀၀ိ)၊ ၁၇. ၂. ၂၀၁၂ နေ့တွင် (၁၅၆၀၀၀၀ိ)၊(၂၄. ၆. ၂၀၁၂)နေ့တွင် (၂၀၀၀၀၀ိ)၊ စုစုပေါင်း(၆၇၈၄၀၀၀ိ)ပေးသွင်းခဲ့ကြောင်း၊(၁၇. ၂. ၂၀၁၂)နေ့က ငွေ(၁၅၆၀၀၀၀ိ)ပေးသွင်းသည့်နေ့က ကျန်ရှိသည့်မြေသြဇာဘိုးများကို ဆက်လက်ကောက်ခံပေးမည်ဟု အကြောင်းကြားစာကို ဦးသန်းညွန့်၊ ဦးဇော်ဝင်းတို့အား တရားပြိုင်ဦးအောင်နိုင်ဝင်းမှ ပေးပို့ခိုင်း၍ တရားလိုမှလက်ခံရရှိခဲ့ကြောင်း၊ တရားလိုမှလည်း (၁၇. ၂. ၂၀၁၂)နေ့စွဲပါငွေ(၁၅၆၀၀၀၀ိ)ကို လက်ခံရရှိပါကြောင်း ပြန်စာပေးပို့ခဲ့ကြောင်း၊ (၂၄. ၆. ၂၀၁၂)နေ့တွင်လည်း ငွေ(၂၀၀၀၀၀ိ)ပေးသွင်းပြီး၊ ကျန်ငွေများအား သက်ဆိုင်ရာမြို့နယ်များထံ တောင်းခံလျှက်ရှိကြောင်း၊ ပေးပို့ရရှိပါက ဆက်လက်ပေးသွင်းမည်ဟု တရားပြိုင်မှအကြောင်းကြားစာအား ဦးသန်းညွန့်၊ ဦးဇော်ဝင်းတို့မှတဆင့် ပေးပို့ခဲ့ကြောင်း၊ တရားလိုမှ လက်ခံရရှိကြောင်း ပြန်စာပေးပို့ခဲ့ကြောင်း၊ တရားပြိုင်ထံမှ သယ်ယူစရိတ်ချေးယူငွေ(၂၂)သိန်းအတွက် တိုးရင်းပေါင်း စာရင်းရှင်းတမ်းကိုလည်း တရားပြိုင်မှဦးသန်းညွန့်အားပေးပို့ခိုင်း၍ လက်ခံရရှိခဲ့ပါကြောင်း၊တရားလိုသည်တရားပြိုင်ထံမှ မြေသြဇာအိတ်ရေ(၂၀၀၀)အတွက် ရရန်ငွေမှာကျပ်သိန်း(၁၈၀) ဖြစ်ပြီး၊ တရားပြိုင်ပေးသွင်းငွေမှာ (၆၇၈၄၀၀၀ိ)ဖြစ်၍ ကျန်ငွေမှာ(၁၁၂၁၆၀၀ိ)ဖြစ်ကြောင်း၊ (၁၂၁၆၀၀ိ)အားစွန့်လွှတ်ပြီး ကျပ်သိန်း(၁၀၀)ရလိုကြောင်းသာ စွဲဆိုခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

တရားပြိုင်ဦးအောင်နိုင်ဝင်းမှ ၎င်းသည် ရေနံချောင်းပြည်ခိုင်ဖြိုးပါတီ၏ဥက္ကဌဖြစ်ကြောင်း၊ ဦးစန်းပွင့်က ၎င်း၏မြေသြဇာများကို ရောင်းပေးရန်အကူအညီတောင်းသဖြင့် တောင်တွင်းကြီး၊ မင်းလှ၊ မြို့သစ်၊ စလင်းမြို့များရှိ ပြည်ခိုင်ဖြိုးပါတီများနှင့် ဆက်သွယ်ပေးခဲ့ကြောင်း၊ အဆိုပါပါတီများမှ ၎င်းတို့ရောင်းပြီးမှ ပေးချေခြင်းဖြစ်ကြောင်း၊ မိမိကအဆိုပါ ရောင်းဝယ်သည့်ကိစ္စတွင် တာဝန်ယူဆောင်ရွက်ပေးခဲ့ခြင်းမရှိကြောင်း၊ ပါတီအဖွဲ့အစည်းများမှ ရောင်းရငွေများကို မိမိထံပေးပို့လာပါက တရားလိုထံဆက်လက်ပေးပို့ခဲ့ကြောင်း၊ ရောင်းရန်ကျန်ရှိသည့် မြေဆီအိတ်များ

ပုံ/ x x x
( ဥမ္မာခင် )
မြို့နယ်တရားသူကြီး
ရေနံချောင်းမြို့နယ်တရားရုံး

စီရင်ချက် ( အဆက် - ၅ )

အတွက်သွားရောက်ကြည့်ရှုရန် တရားလိုကိုပြောခဲ့ကြောင်း၊ တရားလိုမှာ စလင်းမြို့နယ်သို့ ပို့သည့် အိတ်(၄၀၀)ကို ပြန်သယ်မည်ဟု သိခဲ့ရကြောင်း၊ မြေဆီအိတ်ဘိုးများနှင့်ပတ်သက်၍ ပေးရန်သတ်မှတ်ကာလမရှိကြောင်း၊ တရားလိုနှင့်တရားပြိုင်တို့ အရောင်းအဝယ်စာချုပ်ချုပ်ဆိုခဲ့ခြင်းလည်း မရှိကြောင်းထွက်ဆိုခဲ့သည်။

ဦးသန်းညွန့်(ပြိုင်ပြ-၁)မှ ၄င်းမှာ ရေနံချောင်းမြို့နယ်ပြည်ခိုင်ဖြိုးရုံးမှ ရုံးအုပ်ဖြစ်ကြောင်း၊ (၁၇. ၂. ၂၀၁၂)နေ့က ဦးအောင်နိုင်ဝင်းခိုင်းသဖြင့် ဦးစန်းပွင့်ထံမြေဆီဘိုး (၁၅၆၀၀၀၀ိ)သွားပေးခဲ့ကြောင်း၊ ဦးစန်းပွင့်က လက်ခံရရှိကြောင်း လက်မှတ်ထိုးပေးခဲ့ပြီး၊ (၂၄. ၆. ၂၀၁၂)နေ့ကလည်း ဦးစန်းပွင့်ထံငွေ(၂၀၀၀၀၀ိ)သွားရောက်ပေးသွင်းရာ ဦးစန်းပွင့်ကလက်ခံရရှိကြောင်း လက်မှတ်ရေးထိုးပေးခဲ့ ကြောင်း ထွက်ဆိုခဲ့ပြီး၊ ရေနံချောင်းပြည်ခိုင်ဖြိုးရုံးမှ အလုပ်အမှုဆောင်ဦးသန်းဇော်(ပြိုင်ပြ-၂)မှလည်း အလားတူထွက်ဆိုခဲ့သည်။

တောင်တွင်းကြီးမြို့ ပြည်ခိုင်ဖြိုးပါတီမှ ဦးဇော်ဇော်အောင်(ပြိုင်ပြ-၃)မှ ၄င်းမှာ အလုပ်အမှုဆောင်ဖြစ်ပြီး၊ ဦးအောင်နိုင်ဝင်းက ၄င်းမိတ်ဆွေ၏မြေဆီသြဇာအိတ်များကို တောင်တွင်းကြီးမြို့ရှိ တောင်သူများထံ ဖြန့်ဖြူးပေးပါရန် အကူအညီတောင်းခံခဲ့ကြောင်း၊ မိမိတို့မှာလည်းဖြန့်ဖြူးပေးမည်ဟု အကြောင်းပြန်ခဲ့ကြောင်း၊ တောင်တွင်းကြီးသို့ မြေဆီသြဇာအိတ်များရောက်ရှိလာသည့်အခါ ဖြန့်ဖြူးပေးပြီး၊ ရရှိသည့်မြေဆီဘိုးငွေများအား ဦးအောင်နိုင်ဝင်းထံလွှဲပို့ပေးခဲ့ကြောင်း၊ တောင်တွင်းကြီးပြည်ခိုင်ဖြိုးပါတီ အတွင်းရေးမှူးဦးသန်းဝင်း(ပြိုင်ပြ-၆)မှလည်း အလားတူထွက်ဆိုခဲ့သည်။

မြို့သစ်မြို့ပြည်ခိုင်ဖြိုးပါတီ၏ အလုပ်အမှုဆောင် ဦးမျိုးညွန့်(ပြိုင်ပြ-၄)မှ ဦးအောင်နိုင်ဝင်းက အကူအညီတောင်းသဖြင့် ၄င်းမိတ်ဆွေ၏မြေဆီသြဇာများအား မြို့သစ်ရှိတောင်သူများထံ မြေဆီအိတ်ဖြန့်ဖြူးပေးခဲ့ကြောင်း၊ ရောင်းရငွေများကို ပါတီအတွင်းရေးမှူး ဦးမြင့်သူမှ ဦးအောင်နိုင်ဝင်းထံလွှဲပို့ပေးသည်ဟု သိရကြောင်း၊ မြေဆီအိတ်အချို့ပေါက်ပြကုန်သဖြင့် ဦးမြင့်သူမှ ဦးအောင်နိုင်ဝင်းထံ အကြောင်းကြားသည်ဟု သိရကြောင်း၊ ပိုင်ရှင်မှလာရောက်သိမ်းယူမှု မရှိခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

စလင်းမြို့နယ်ပြည်ခိုင်ဖြိုးပါတီ၏ အတွင်းရေးမှူးဦးသစ်လွင်ခိုင်(ပြိုင်ပြ-၅)မှ ဦးအောင်နိုင်ဝင်းမှ ၄င်းမိတ်ဆွေ၏မြေဆီသြဇာအိတ်များကိုဖြန့်ဖြူးပေးရန် အကူအညီတောင်းချက်အရ လက်ခံဆောင်ရွက်ပေးခဲ့ကြောင်း၊ မြေဆီအိတ်(၄၀၀)ရောက်ရှိလာပြီး၊ (၄၀၀)လုံးရောင်းမရခဲ့ကြောင်း၊ ရောင်းမရသည့်အကြောင်း ဦးအောင်နိုင်ဝင်းထံ အကြောင်းကြားရာ မြေဆီဖြန့်ဖြူးသည့် တာဝန်ခံဆိုသူရောက်လာပြီး၊ နေရာပြောင်းရွှေ့မည်ဆိုကာ ပြန်ရောက်မလာခြင်းဖြစ်ကြောင်း၊ ရာသီဥတုဒဏ်၊ အချိန်ကာလကြာမြင့်မှုတို့ကြောင့် ထိုမြေဆီအိတ်များပေါက်ပြဲပျက်စီးကုန်ပြီဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

နှစ်ဖက်သက်သေထွက်ချက်များအား သုံးသပ်ရာတွင် တရားပြိုင်သည် တရားလိုထံမှ မြေဆီမြေသြဇာအိတ်များကို အခြားမြို့များသို့တဆင့် ဖြန့်ဖြူးရောင်းချလိုသည်ဟု ကမ်းလှမ်းပြောဆိုခဲ့

ပုံ/ x x x
( ဦးမြတ်ဆန်း )
မြို့နယ်တရားသူကြီး
ရေနံချောင်းမြို့နယ်တရားရုံး

မိတ္တူမှန်

စီရင်ချက် ( အဆက် - ၆ )

ကြောင်း၊ သယ်ပို့စရိတ်ငွေကို တရားလိုမှမတတ်နိုင်ဟုပြောရာ (၁၀ဝိ)လျှင်(၇)တိုးနှုန်းနှင့် ငွေ(၂၂)သိန်းကိုတရားပြိုင်မှထုတ်ချေးခဲ့ကြောင်း၊ တောင်တွင်းကြီးမြို့ပြည်ခိုင်ဖြိုးပါတီသို့ အိတ်(၄၀၀)(၂)ကြိမ်၊ စုစုပေါင်းအိတ်(၈၀၀)၊ မြို့သစ်မြို့ပြည်ခိုင်ဖြိုးပါတီသို့အိတ်(၄၀၀)၊ စလင်းမြို့ပြည်ခိုင်ဖြိုးပါတီသို့ အိတ်(၄၀၀)၊ မင်းလှမြို့ပြည်ခိုင်ဖြိုးပါတီသို့ အိတ်(၄၀၀)၊ စုစုပေါင်းအိတ်(၂၀၀၀)တင်ပို့ပေးခဲ့ကြောင်း၊ ဦးအောင်နိုင်ဝင်း၏ အကူအညီတောင်းမှုကြောင့် အဆိုပါမြေဆီအိတ်များအား သက်ဆိုင်ရာမြို့နယ်ပါတီအကြီးအကဲများက လက်ခံဖြန့်ဖြူးပေးခဲ့ကြောင်း နှစ်ဖက်အငြင်းမပွားပေါ်ပေါက်လျှက်ရှိသည်။

အငြင်းထွက်သည်မှာ တရားလို၏အကူအညီတောင်းမှုကြောင့် တရားပြိုင်မှ တောင်တွင်းကြီး၊ မြို့သစ်၊ စလင်း၊ မင်းလှမြို့များမှ ပါတီအကြီးအကဲများနှင့် တိုက်ရိုက်ဆက်သွယ်ပေးခဲ့ကြောင်း၊ သို့အတွက်မြေဆီဘိုးများနှင့်ပတ်သက်၍ တရားပြိုင်တွင် တာဝန်မရှိကြောင်း ထွက်ဆိုသော်လည်းတရားပြိုင်အား တရားလိုဘက်မှပြန်လှန်မေးမြန်းစဉ် ယခုအချိန်အထိ တရားလိုအနေဖြင့် အခြားမြို့များမှ ပြည်ခိုင်ဖြိုးပါတီအကြီးအကဲများနှင့် မြင်ဘူးခြင်း၊ တွေ့ဘူးခြင်းမရှိဆိုလျှင် မှန်ပါသည်ဟုဖြေဆိုချက်၊ သက်ဆိုင်ရာပါတီအကြီးအကဲများဖြစ်သည့် တရားပြိုင်ပြသက်သေတို့၏ ထွက်ဆိုချက်များအရမြေဆီဘိုးငွေများအား တရားပြိုင်ဦးအောင်နိုင်ဝင်းထံသို့သာ လွှဲပို့ပေးရကြောင်း ထွက်ဆိုချက်များအရ မြေဆီသြဇာအရောင်းအဝယ်ကိစ္စတွင် တရားပြိုင်နှင့်တရားလိုတို့ တိုက်ရိုက်ဆက်သွယ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်နေပေသည်။

ထိုသို့တရားလိုနှင့်တရားပြိုင်တို့ တိုက်ရိုက်ဆက်သွယ်ခဲ့ခြင်းကြောင့် တရားပြိုင်မှ တရားလိုထံမှ သက်သေခံ(င)နှင့်(စ)တို့အရ ကျန်ရှိသည့်မြေဆီဘိုးများအား သက်ဆိုင်ရာမြို့များမှ တောင်းခံလျှက်ရှိကြောင်း၊ ရရှိပါကဆက်လက်ပေးသွင်းမည်ဖြစ်ကြောင်း အကြောင်းကြားစာပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။နောက်ဆုံးအကြိမ်ပေးသွင်းခဲ့သည်မှာ (၂၄. ၆. ၂၀၁၂)ဖြစ်ကြောင်းလည်းအငြင်းမပွားပေါ်ပေါက်လျှက်ရှိသည်။တရားပြိုင်မှ မြေဆီအိတ်ဘိုးငွေများအား ပစ္စည်းရောက်ရှိပြီး (၆)လပြည့်သည့်နေ့ နောက်ဆုံးထား၍ အပြေအကြေပေးချေမည်ဟု နှစ်ဖက်သဘောတူညီခဲ့ကြကြောင်း ၊ သို့သော် (၆)လပြည့်သည့်အထိ အကြေပေးသွင်းခြင်းမရှိဘဲ ( ၁၉. ၁၀. ၂၀၀၉ ) မှ (၁၀. ၂. ၂၀၁၁) နေ့အထိငွေ(၉)ကြိမ်သာပေးသွင်းပြီး ဆက်လက်ပေးသွင်းခြင်းမရှိတော့သဖြင့် တရားလိုမှ နိုင်ငံတော်သမ္မတနှင့်ပါတီအကြီးအကဲများထံ (၁၇. ၁၁. ၂၀၁၁)နေ့က သက်သေခံ(ဈ)အရတိုင်စာပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ထိုသို့တိုင်စာပေးပို့ပြီးနောက်မှ (၁၇. ၂. ၂၀၁၂)တွင်(၁၅၆၀၀၀ဝိ) (၂၄. ၆. ၂၀၁၂)တွင်(၂၀၀၀၀ဝိ)အား ပေးသွင်းခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။နောက်ဆုံးအကြိမ်ပေးသွင်းသည့်နေ့မှာ (၂၄. ၆. ၂၀၁၂)နေ့ဖြစ်ပြီး၊ တရားလိုမှယခုအမှုစွဲဆိုသည့်နေ့မှာ (၂၂. ၆. ၂၀၁၅) နေ့ဖြစ်သည်ကို တွေ့ရသည်။

ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ၊ ၂၀(၁)တွင် " သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလအပိုင်းအခြား မကုန်ဆုံးမီကြွေးမြီအတွက် အတိုးငွေကိုဖြစ်စေ၊ သေတမ်းစာအရ အမွေပစ္စည်းအတွက်အတိုးငွေကိုဖြစ်စေ၊ ကြွေးမြီကို သို့တည်းမဟုတ် သေတမ်းစာအရ အမွေပစ္စည်းကို ပေးဆပ်ရန်

ပုံ/x x x
(ဥမ္မာဝင်း)
မြို့နယ်တရားသူကြီး
ရေနံချောင်းမြို့နယ်တရားရုံး

စီရင်ချက် ( အဆက် - ၇ )

တာဝန်ရှိသူကသော်လည်းကောင်း၊ ဤကိစ္စအတွက် ကျနစွာခွင့်ပြုခြင်းခံရသော ထိုသူ၏ကိုယ်စားလှယ်ကသော်လည်းကောင်း၊ အတိုးငွေအဖြစ်ဖြင့် ပေးဆပ်သည့်ကိစ္စတွင် သို့တည်းမဟုတ် သတ်မှတ်ထားသည့်စည်းကမ်းကာလအပိုင်းအခြား မကုန်ဆုံးမီ ကြွေးတင်ရှိသည့်ငွေရင်း တစ်စိတ်တစ်ဒေသကို မြီစားကသော်လည်းကောင်း ၊ ဤကိစ္စအတွက် ကျနစွာခွင့်ပြုခြင်းခံရသော ထိုမြီစား၏ကိုယ်စားလှယ်ကသော်လည်းကောင်း၊ ပေးဆပ်သည့်ကိစ္စတွင် ထိုသို့ပေးဆပ်သည့်နေ့မှစ၍ စည်းကမ်းသတ်ကာလအပိုင်းအခြားကို အသစ်ရေတွက်ရမည် " ဟု ပြဌာန်းထားပေသည်။

သို့အတွက် တရားပြိုင်ကနောက်ဆုံးပေးဆပ်ခဲ့သည့်နေ့ဖြစ်သည့် (၂၄. ၆. ၂၀၁၂)နေ့မှစ၍ စည်းကမ်းသတ်ကာလအပိုင်းအခြားကို အသစ်ရေတွက်ရမည်ဖြစ်ပေရာ၊ တရားလိုစွဲဆိုသည့်နေ့မှာ(၂၂. ၆. ၂၀၁၅)နေ့ဖြစ်သည့်အတွက် စည်းကမ်းသတ်ကာလမကျော်လွန်မီ ယခုအမှုအားစွဲဆိုခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပေသည်။

သို့အတွက် ယခုစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်သည်ဆိုခြင်းမှာ မမှန်ကြောင်းဖြေဆိုလိုက်သည်။

ငြင်းချက် (၂)

ငြင်းချက်(၁)တွင်သုံးသပ်ထားချက်များအရ တရားပြိုင်သည် တရားလိုထံမှ မြေဆီသြဇာအိတ်လုံးရေ(၂၀၀၀)အား တစ်အိတ်လျှင်(၉၀၀၀ိ)နှုန်းဖြင့် အကြွေးစနစ်ဖြင့် ဝယ်ယူခဲ့ကြောင်းပေါ်ပေါက်ပြီးဖြစ်သည်။

သို့အတွက် တရားပြိုင်သည်တရားလိုထံမှ မြေဆီသြဇာအိတ်အလုံးရေ (၂၀၀၀)(ကာလတန်ဖိုးကျပ်သိန်းပေါင်း၊ ၁၈၀)အား အကြွေးစနစ်ဖြင့် ဝယ်ယူခဲ့သည်ဆိုခြင်းမှာ မှန်ကြောင်း ဖြေဆိုလိုက်သည်။

ငြင်းချက် (၃)

တရားလိုသည် တရားပြိုင်ထံမှရရန်ရှိသော မြေဆီသြဇာဘိုးငွေများနှင့် ပတ်သက်၍ တရားပြိုင်မှတရားလိုထံ ပေးသွင်းခြင်းကို ရက်စွဲအလိုက်ပေးသွင်းငွေများကို စာရင်းပြုစုထားသည့် သက်သေခံ (ဃ)ဖြင့် သက်သေခံတင်ပြထားရာ အဆိုပါငွေများနှင့်ပတ်သက်၍ တရားပြိုင်ဘက်မှ ငြင်းဆိုခဲ့မှုမရှိ ခြင်း၊ ထိုစာရင်းများနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာမေးမြန်းမှုမရှိသည့်အပြင် စာမှတ်စာတမ်းအထောက် အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းလည်းမရှိပေ။ မြေဆီများပျက်စီးဆုံးရှုံး၍ တရားလိုအား ပြန်လာယူ ရန်အကြောင်းကြားခဲ့သည်ဆိုသော်လည်း အထောက်အထားတစ်စုံတစ်ရာ တင်ပြခဲ့မှုမရှိသည့်အပြင် သက်သေခံ(င)နှင့်(စ)တို့အရ တရားလိုထံ တရားပြိုင်မှ ပေးပို့သည့် အကြောင်းကြားစာတွင် ကျန်ရှိသည့်မြေဆီဘိုးများအား သက်ဆိုင်ရာမြို့နယ်များထံ တောင်းခံလျှက်ရှိကြောင်း၊ ရရှိပါကဆက်လက် ပေးသွင်းမည်ဖြစ်ကြောင်း ပေးပို့ထားသည်ကိုလည်း တွေ့ရှိရပေသည်။

ပုံ/ x x x
( ဥမျှာနမ် )
မြို့နယ်တရားသူကြီး
ရေနံချောင်းမြို့နယ်တရားရုံး

စီရင်ချက် ( အဆက် - ၈ )

တရားပြိုင်သည်တရားလိုထံသို့အိတ်ရေ(၂၀၀၀)အတွက် ကျသင့်ငွေသိန်း(၁၈၀)အနက်မှ (၁၉. ၁၀. ၂၀၀၉) မှ (၂၄. ၆. ၂၀၁၂)ထိ (၁၁)ကြိမ်ပေးသွင်းရာ (၆၇၈၄၀၀၀ိ)ပေးသွင်းခဲ့ပြီးဖြစ်ကြောင်း၊ သို့အတွက်ကျန်ငွေမှာ (၁၁၂၁၆၀၀၀ိ)ဖြစ်ကြောင်း၊ (၁၂၁၆၀၀၀ိ)အား စွန့်လွှတ်ကြောင်း ပေါ်ပေါက်ပြီးဖြစ်ပေသည်။

သို့အတွက် တရားပြိုင်သည် တရားလိုထံမှ တရားစွဲဆိုတောင်းခံသည့် ကြွေးကျန်ငွေသိန်း(၁၀၀)အား ပေးဆပ်ရန်တာဝန်ရှိကြောင်း ဖြေဆိုလိုက်သည်။

ငြင်းချက် ( ၄ )

တရားပြိုင်ဦးအောင်နိုင်ဝင်းသည် တရားလိုဦးစန်းပွင့်အား မြေဆီသြဇာဘိုးငွေကျပ်သိန်း(၁၀၀)ကျော်အား မပေးဆပ်ရသေးသည်မှာ သက်သေခံချက်များအရ ထင်ရှား၍ တရားလိုသည်၎င်းတောင်းဆိုသည့် မြေဆီဘိုးငွေကျပ်သိန်း(၁၀၀၀၀၀၀၀ိ)(ကျပ်သိန်းတစ်ရာ)ကို ပြန်လည်ရထိုက်သည်ဟု ဖြေဆိုလိုက်သည်။

ထို့ကြောင့် တရားပြိုင်ဦးအောင်နိုင်ဝင်းသည် တရားလိုအား မြေဆီဘိုးငွေကျပ်(၁၀၀၀၀၀၀၀ိ)(ငွေကျပ်သိန်းတစ်ရာတိတိ)အား ပြန်လည်ပေးဆပ်စေရန် တရားလိုသို့စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်လိုက်သည်။

ရှေ့နေခ(၅၀၀၀ိ/)သတ်မှတ်သည်။

ပုံ/ x x x
(ဥမ္မာခမ်း)
မြို့နယ်တရားသူကြီး
ရေနံချောင်းမြို့နယ်တရားရုံး

မိတ္တူမှန်ကြောင်း လက်မှတ်ရေးထိုးသည်

ဦးစိုး (မှတ်)
(လှိုင်သုဇာမြင့်)
အထွေထွေ...
ရေနံချောင်း...

မိတ္တူမှန်
(မြေ့ ...)
ရေး ကူး ...